# လူငယ်တွေပတ်သက်နေတဲ့ social networking ဆိုတာ. . .




Globalization ခေတ်မှာ social networking ဆိုတာကလည်းအရေးပါတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ လူတွေဟာ online ပေါ်ကနေ သူငယ်ချင်းအချင်းချင်း ၊ မိတ်ဆွေအချင်းချင်း အပြန်အလှန် ရင်းနှီးခင်မင်ခွင့်ရကြသလို knowledge တွေကိုလည်း share လုပ်လာကြပါတယ်။ ယခင်က လူချင်းတွေ့ဖို့ ၊ စကားပြောပြီး sharing လုပ်ဖို့ဆိုတာ အကန့်အသတ်ပေါင်း မြောက်မြားစွာ ဖြစ်နေပေမယ့် ခုချိန်မှာတော့ အလွန့်အလွန်ကို လွယ်ကူနေပါပြီ။ ဒီလိုလွယ်ကူနေလို့လည်း လူငယ်တွေကို အချိန်ကုန်စေတယ်၊ ပျက်စီးစေတယ်လို့ တချို့က ယူဆကြပေမယ့် ဒီအချက်ဟာ ရာနှုန်းပြည့် မှန်ကန်မှု မရှိပါဘူး။

Social Networking website တွေဟာ တစ်ခုချင်းစီမှာ ကွဲပြားတဲ့ ဦးတည်ချက်တွေ ၊ လုပ်ငန်းလုပ်ဆောင်ပုံတွေ ရှိနေတာကြောင့် user ရဲ့ အသုံးချမှုပုံစံ ပေါ် သာ မူတည်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြောင်းလဲလာတဲ့ခေတ်ကြီးထဲမှာ ရှားပါးလာတဲ့အချိန်တွေကို တန်ဖိုးရှိရှိဖြစ်စေဖို့အတွက် နည်းပညာက ကူညီပံ့ပိုးပေးနိုင်တယ်ဆိုတာကိုတော့ ကျွန်မတို့ ငြင်းလို့မရပါဘူးနော်။ ဒါကြောင့် *PCWorld* အယ်ဒီတာအဖွဲ့ကနေပြီး လူငယ်တွေကြားထဲမှာ ရေပန်းစားနေတဲ့ social networking ဆိုတာကို စာရေးဆရာတွေနဲ့အတူ ဝိုင်းဝန်းဆွေးနွေး ရေးသားတင်ဆက်လိုက်ပါတယ်။

**ကိုသန်းဝင်း** – Social Networking ဆိုတာ လူတွေရဲ့ လိုအပ်ချက်ကြောင့် ဖြစ်တာပါ။ IT နည်းပညာတွေ မပေါ်ခင်ကတည်းက networking တွေဟာ ပုံစံအမျိုးမျိုးနဲ့ ရှိနေကြတာ။ ကျွန်တော်တို့ခေတ် ရောက်လာတဲ့အခါ ICT နည်းပညာက ပေါ်လာတဲ့အတွက် social networking ဆိုတာပိုပြီး advance ဖြစ်လာတယ်လို့ထင်ပါတယ်။ ကိုကျော်လင်းရော ဘယ်လိုနားလည်ပါသလဲ။

**ကိုကျော်လင်း** – ရွှေတိဂုံဘုရားမှာ ညနေပိုင်း တံမြက်စည်းလှည်းတဲ့အသင်းဆိုပါစို့။ လေးနာရီခွဲလောက် ဆုံမယ်ပေါ့။ ဆုံတာလည်းတစ်ပိုင်း။ သူငယ်ချင်းအချင်းချင်း၊ အသိမိတ်ဆွေအချင်းချင်း အပြင်မှာမတွေ့ဖြစ်ပဲ ဒီလိုနေရာမှာ လာပြီး ဆုံနိုင်တာပေါ့နော်။ နောက်ပြီး ကောင်းတာလေးတစ်ခု လုပ်သွားတာမျိုးပေါ့။ အသင်းအဖွဲ့ရှိတဲ့နေရာမှာ သန့်ရှင်းရေး လုပ်သွားမယ်။ တွေ့ကြ၊ ဆုံကြမယ်ပေါ့။ အဲ့ဒီလိုမျိုးဖြစ်ဖို့အတွက် ကြာတော့လည်း အချိန်က သတ်မှတ်ချက်တစ်ခု ဖြစ်နေတာကြောင့် အမြဲတမ်းတွေ့နိုင်မှာ မဟုတ်ပါဘူး။

Social Networking Site တွေ ပေါ်လာတော့ ကိုယ်အားတဲ့အချိန်မှာ တက်ပြီးကြည့်လို့ရတယ်။ နည်းပညာပိုင်းကြတော့ တစ်ယောက်နဲ့တစ်ယောက်တွေ့ဖို့၊ အဆက်အသွယ်လုပ်ဖို့က ပိုပြီး လွယ်သွားတာပေါ့။

**စောကလျာအေး** – ဟုတ်တယ်နော်။ လူတွေဟာ ပြောရရင် အရင်ကတည်းက communicate မလုပ်ရရင် မနေနိုင်ဘူး။ မိသားစုတွေ ဝေးကွာနေတဲ့အချိန်မှာ communicate လုပ်ချင်ကြတယ်။ အဲဒီလိုမျိုး လိုအပ်ချက်တွေကြောင့် social networking site တွေ ပေါ်လာတော့ ပိုပြီး အဆင်ပြေလာတာပေါ့။ Sharing လုပ်ချင်တာတွေကို လုပ်ခွင့်ရသွားတယ်လို့ ကျွန်မတော့ ထင်တယ်။ တစ်ယောက်နဲ့တစ်ယောက် အလွယ်တကူ ဆက်သွယ်လို့ရတဲ့အခါ အဓိကကတော့ အဝေးရောက်နေတဲ့ ကိုယ့်မိသားစု၊ မိတ်ဆွေတွေနဲ့လည်း အဆက်အသွယ်မပြတ်ဘူး။ နောက်ပြီး မိတ်ဆွေသစ်တွေလည်း တိုးနိုင်တာပေါ့။

**အောင်ရဲမောင်မောင်** – အဓိကကတော့ social networking ဖြစ်လာတဲ့အတွက်ကြောင့် တစ်ဦးနဲ့တစ်ဦးကြားမှာ transparency ဖြစ်လာတယ်။ သတင်းသမားတစ်ယောက်အမြင်နဲ့ ပြောရရင် social networking တွေ အားကောင်းလာတဲ့အတွက် citizen journalist တွေ ပိုပြီးအားကောင်းလာတယ်။ ဗိုလ်ချုပ်ဈေးမီးလောင်တယ်ဆိုရင် ချက်ချင်း site ပေါ်ကို ကောက်တင်လိုက်တယ်။ ဗိုလ်ချုပ်ဈေးနားမှာရှိတဲ့ ဂျာနယ်တိုက်ကတော့ ဗိုလ်ချုပ်ဈေးမီးလောင်တာ သိနိုင်ပေမယ့် ဝေးတဲ့ ဂျာနယ်တိုက်တစ်တိုက်က ချက်ချင်းမသိနိုင်ဘူးလေ။ အဲ့ဒီအခါမှာ တစ်ယောက်နဲ့တစ်ယောက်က social network ကိုကြားခံပြီး message တွေ ပေးနိုင်သလို သတင်းစီးဆင်းမှုကလည်း မြန်လာတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ transparency ပိုဖြစ်လာတယ်ထင်တယ်။ Citizen juornalist ထွန်းကားလာတယ်လို့လည်း ကျွန်တော်မြင်ပါတယ်။

**ကိုသန်းဝင်း** – သတင်းသမား ဆွေးနွေးသွားသလိုဆိုရင် လူဆိုတဲ့သတ္တဝါက သတင်းကို အရမ်းလိုချင်တယ်။ ဟိုးအရင်ခေတ်ကလည်း ပုံစံအမျိုးမျိုးနဲ့ သတင်းယူခဲ့ကြတယ်လေ။ Communicate လုပ်ကြတယ်။ ဒါကလည်း ရှေးကတည်းကရှိခဲ့တဲ့ လူသားရဲ့လိုအပ်ချက်။ ဒီလိုအပ်ချက်ကိုပဲ ICT နည်းပညာကနေ ဖြည့်ပေးလိုက်တာမို့ ချက်ချင်းဖြစ်လိုက်တာနဲ့ ချက်ချင်းသတင်းကို သိရတယ်။ လူတွေကြားထဲမှာ



ချက်ချင်းကို ပြန့်နှံ့တယ်။ ဒီလိုမျိုး Impact ကောင်းကျိုးတွေ ရနိုင်တယ်ပေါ့။

**ကိုကျော်လင်း** – သာရေး၊ နာရေးတွေကို အဖွဲ့အစည်းနဲ့ လုပ်ကြတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် ဘယ်သူရေ လာပါ၊ ဘယ်ဝါရေ လာပါဆိုပြီး လူကိုယ်တိုင် လိုက်ခေါ်နေမယ့်အစား၊ ဖုန်းနဲ့ ပြောနေမယ့်အစား၊ online ပေါ်မှာပဲတွေ့ပြီးတော့ အချိန်းအချက်လုပ်ကြတယ်။ အစီအစဉ်တွေဆွဲကြမယ်ဆိုရင် အချိန်တွေ အများကြီး ချုံ့ပစ်လိုက်နိုင်တယ်။ Activity တွေ အများကြီး တိုးတက်လုပ်ဆောင်နိုင်တယ်လေ။ အဲဒီတော့ social networking ကို လူငယ်တွေကရော ဘယ်လိုပုံစံတွေ အများဆုံးသုံးနေကြလဲ။ ဆွေးနွေးပေးပါဦး ။

**ကိုကျော်လင်း** – ကျွန်တော်အများဆုံးတွေ့တာကတော့ လူငယ်တွေဟာ game ဆော့မယ်။ ဓာတ်ပုံတွေလိုက်ကြည့်မယ်၊ comment တွေဝင်ရေးမယ်။ ဒီလောက်ပဲတွေ့ရတယ်။

**စောကလျာအေး** – Facebook မှာဆိုရင်တော့ အခုတလော game ဆော့တာ တော်တော်ခေတ်စားနေတယ်။ ပြီးတော့ message တွေ တင်ကြတယ်နော်။

**ကိုကျော်လင်း** – ဟုတ်တယ်။ Message တင်တဲ့အခါမှာလည်း မြန်မာလိုပါရိုက်ရတာအဆင်ပြေတာကြောင့် စိတ်ဝင်စားကြတာများတယ်။ ဒါလည်း အားသာချက်တစ်ခုပဲပေါ့။

**စောကလျာအေး** – ပြီးတော့ share လုပ်ချင်တာလား၊ လူတိုင်းကို ပေးပြချင်တာလား။ Private လုပ်ထားချင်တာလား။ အဲဒီလိုမျိုးတွေကအစ လုပ်လို့ရတာကလည်း facebook ရဲ့အားသာချက်တစ်ခုပါပဲ။ နောက်တစ်ခုကတော့ ကိုယ့်ရဲ့ business ကို ကြော်ငြာလို့ရတယ်။ Group လုပ် ၊ topic တွေတင်ပြီး ဆွေးနွေးကြတာမျိုးတွေလုပ်ကြပါတယ်။ နည်းပညာအကြောင်း၊ ရာသီဥတုဖောက်ပြန်မှုအကြောင်းတွေ ဆွေးနွေးကြတယ်။ မတူတဲ့အမြင်တွေ ဖလှယ်နိုင်တဲ့အတွက် ဗဟုသုတတော့ တော်တော်ရပါတယ်။ တတ်နိုင်သမျှ အင်္ဂလိပ်လိုပဲ ပြောကြရင်ပိုကောင်းမယ်။ ဒါမှလည်း (Myanglish သုံးတာထက်) ပိုအကျိုးရှိမယ် ထင်တယ်။ အဲဒီမှာ အရေးကြီးတာက အသုံးဝင်တဲ့ topic ကို တင်နိုင်ဖို့ပါပဲ။ အကျိုးမရှိတာတွေကို ဆွေးနွေးတာမျိုးတော့ မဖြစ်စေချင်ဘူး။ တစ်ဖက်ကလည်း ဒီလို topic တွေမှာပဲ ထိုင်ပြောနေဖို့မဟုတ်ပါဘူး။ အခြေအနေ၊ အချိန်အခါကိုတော့ ကိုယ့်ဘာသာကိုယ် ပါးနပ်စွာ adjust လုပ်သင့်တယ်လို့ထင်တယ်။

**အောင်ရဲမောင်မောင်** – လူငယ်တွေသုံးတဲ့အပိုင်းကတော့




သူငယ်ချင်းရှာဖွေတဲ့အပိုင်းကို သုံးကြတယ်။ တော်တော်များများက facebook ရဲ့ တကယ်အသုံးဝင်တဲ့အပိုင်းတွေကို သိပ်မသိကြသေးဘူး။ အပျော်တစ်ခုအနေနဲ့သာ အသုံးပြုနေကြတာများတယ်။ Facebook ကို လုပ်ခဲ့တဲ့သူကိုယ်တိုင်ကလည်း mail sharing လုပ်ဖို့၊ knowledge sharing လုပ်ဖို့ ရည်ရွယ်ချက်တွေနဲ့ လုပ်ခဲ့တာပါ။ အဲဒီရည်ရွယ်ချက်လေးတွေတော့ မဖြစ်နိုင်သေးဘူးပေါ့။ ဒီက လူငယ်အများစုက ဒါကို စိတ်ဖြေစရာတစ်ခုအဖြစ် photo upload ၊ message စတာတွေလောက်သာ သုံးနေတာတွေ့ရတယ်။ Computer တက္ကသိုလ်တက်နေတဲ့ ကျောင်းသားတစ်ယောက်တောင်မှ အဲဒီလောက်ပဲ လုပ်နိုင်သေးတယ်။ Medium တစ်ခုအနေနဲ့ အသုံးမချကြသေးဘူးလို့ ကျွန်တော်မြင်တယ်။ မြန်မာပြည်မှာ လက်ရှိ ဖြစ်နေတဲ့ အနေအထားပါ။

**PCWorld** – ဒီမှာ အများစုကတော့ ပုံတွေကိုပဲ upload လုပ်ကြတာများပါတယ်။ ဘယ်နေရာသွားခဲ့တယ်။ ဘာတွေလုပ်ခဲ့တယ်ဆိုတာလေးတွေကို share လုပ်ကြတယ်။

**ကိုကျော်လင်း** – သူငယ်ချင်းတွေ မင်္ဂလာဆောင်တဲ့အခါ ပုံတွေတင်ကြတာကလည်း ခေတ်စားနေတယ်။

**ကိုသန်းဝင်း** – အများစုကတော့ online diary လိုမျိုး သုံးနေကြတယ်။ Diary ရေးတယ်ဆိုတာက အရင်က စာအုပ်ပေါ်မှာပဲ ရေးကြတယ်။ ကိုယ့် diary ကို သူများဖတ်တာ တော်တော်စိတ်ဆိုးတယ်လေ။ ပေးမဖတ်တတ်ဘူးပေါ့။ အခုကျတော့ online diary ကိုပုံမှန်ဖွင့်ပြီး သူများကို sharing လုပ်ချင်တဲ့ generation အဖြစ် ပြောင်းလာတယ်လို့ ယူဆရမှာပဲ။



အများစု အဲဒီလိုဖြစ်လာတယ်ဆိုတော့ ကျွန်တော်တို့ သုံးသပ်ရရင် social networking မှာ လုပ်လို့ရတာတွေကတော့ အများကြီးရှိပါတယ်။ ဒါကိုသုံးပြီး သတင်းတွေဖလှယ်လို့ရတယ်။ နည်းပညာတွေ ဖလှယ်လို့ရတယ်။ Organization တွေ လုပ်လို့ရပါတယ်။

လူငယ်တစ်ယောက်ဟာ computer သုံးတတ်ပြီဆိုရင် Internet ပေါ်ရောက်ပြီ။ Gmail account ကိုစတင် create လုပ်မယ်။ ပြီးရင် facebook ကို create လုပ်မယ်။ သူငယ်ချင်းတွေဆီ email ပို့မယ်။ Facebook မှာ ဓာတ်ပုံတွေတင်မယ်။ ဒီနည်းပညာနဲ့ အကျွမ်းတဝင်ရှိလာမယ်။ ဒါတွေအပြင် နောက်တစ်ဆင့်တက်ဖို့က social networking တစ်နည်းအားဖြင့် internet ကို ဘယ်လိုမျိုး အကျိုးရှိအောင် သုံးလို့ရနိုင်မလဲဆိုတာ ဆက်ဆွေးနွေးကြရအောင်။

**ကိုကျော်လင်း** – Game ဆော့မယ်။ သူငယ်ချင်းတွေရဲ့ comment တွေကိုလိုက်ဖတ်မယ်။ လိုက်ရေးမယ်။ ပထမပိုင်းတော့ comment လိုက်ရေးတဲ့အဆင့်လောက်ထိပဲ ရှိဦးမှာလေ။ Message ပေးဖို့ စိတ်ဝင်စားချင်မှ စိတ်ဝင်စားမယ်။ ပေးစရာ message မရှိသေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ နောက်တော့ comment ပေးရုံတင်မကဘူး၊ သူကိုယ်တိုင်က comment တွေ၊ message တွေ တင်လာတယ်။ ကြားခံတစ်ခုအနေနဲ့ သတင်းပေးတာမျိုး သူများဆီက သတင်းယူတာလိုမျိုး လုပ်လာနိုင်ပြီပေါ့။

**စောကလျာအေး** – လုပ်ငန်းခွင်က လူတွေဆိုရင် အလုပ်အကြောင်းတွေလည်း share လုပ်လာကြတယ်။ နောက်တစ်ခုက ဘာသာစကားတစ်ခုကို လေ့လာချင်တယ်ဆိုရင် အဲဒီ နိုင်ငံသားတစ်ယောက်နဲ့ ဆက်သွယ်ပြောဆိုလို့ရတယ်။ အဲဒီ သူငယ်ချင်းတွေကတစ်ဆင့် အဲဒီနိုင်ငံက သတင်းတွေတောင် လှမ်းမေးနိုင်တယ်။ ဒါတွေက အကျိုးရလဒ်တွေပါပဲ။

**အောင်ရဲမောင်မောင်** – တကယ် သုံးတတ်ရင်တော့ social networking က tool တစ်ခုအနေနဲ့ သုံးလို့ရပါတယ်။ Email ပို့တဲ့ အဆင့် comment ပေးတဲ့အဆင့်လောက်ပဲရှိတယ်ဆိုရင်တော့ အဆင်ပြေမှာမဟုတ်ဘူး။ အဓိကက field ပါ။ Field ထဲရောက်သွားပြီဆိုရင် facebook ကို tool တစ်ခုအနေနဲ့ အသုံးချသွားမယ်ဆိုရင်တော့ ကောင်းမယ်လို့ထင်ပါတယ်။ ဥပမာ– ဆယ်တန်းအောင်လို့ သတင်း field ထဲ ရောက်သွားသူဆိုရင် သတင်းနဲ့ ပတ်သက်တဲ့ sharing လုပ်တဲ့ နည်းပညာကို သူတို့ နားလည်သွားလိမ့်မယ်။ တစ်ယောက်နဲ့တစ်ယောက် သတင်းယူလို့ရသွားတယ်။

နည်းပညာပိုင်းနေရာတွေကို ရောက်သွားတဲ့သူတွေလည်းအချင်းချင်း နည်းပညာဖလှယ်လို့ရသလို marketing ပိုင်းကလူတွေကလည်း marketing source တွေကို ရရှိနိုင်မယ်ပေါ့။ ကျွန်တော်ထင်တာတော့ သူတို့ရောက်တဲ့ field နဲ့ပဲဆိုင်မယ်ထင်တယ်။ ဘယ်လို အသုံးချမလဲဆိုတဲ့ အပေါ်မှာပဲမူတည်ပါတယ်။ Computer အသုံးပြုပုံကတော့ ငယ်ငယ်ကတည်းက အခြေခံကနေစပြီး သင်ခဲ့ရတာ။ သင်ခဲ့တဲ့ computer နည်းပညာကို ဘယ်နေရာမှာ သွားသုံးလဲဆိုတာကတော့ ကိုယ်လုပ်မယ့်လုပ်ငန်းနဲ့ပဲ ဆိုင်မယ်လို့ ကျွန်တော်မြင်တယ်။

**ကိုကျော်လင်း** – သူငယ်ချင်း အသိုင်းအဝိုင်းရဲ့ သက်ရောက်မှုလည်းပါမယ်လို့ ထင်တယ်။

**အောင်ရဲမောင်မောင်** – ဟုတ်ပါတယ်။ လုပ်ငန်းတစ်ခုထဲရောက်သွားပြီဆိုရင်တော့ လုပ်ငန်းရဲ့ နယ်ပယ်ပေါ့။ တချို့ဆိုရင် ဘယ်သူတွေမှန်းတောင် မသိဘူး။ သတင်းသမားတွေ အများကြီး အချိတ်အဆက်မိသွားတာ ရှိတယ်။ အခုဝင်တဲ့ သတင်းထောက်အသစ်ကလေး တွေဆိုရင်လည်း facebook ကိုသုံးပါ။ Facebook ကနေ သတင်းယူနိုင်အောင်ကြိုးစားပါလို့ အမြဲပြောတယ်။ အခု အခြေအနေက သတင်းမရှိရင် facebook ကြည့်ရင်တောင် သတင်းဖြစ်နေတယ်လေ။

**ကိုကျော်လင်း** – နောက်တစ်ခုကလည်း အသင်းအဖွဲ့ပုံစံမျိုးပေါ့နော်။ Website သီးသန့်ထားကြပြီး website ကနေ information ပေးတယ်ပေါ့။ အသင်းအဖွဲ့က နိုင်ငံပေါင်းစုံမှာရှိတဲ့ အသင်းအဖွဲ့ဆိုရင် member တွေက နိုင်ငံပေါင်းစုံမှာရှိတော့ ဝင်တော့ ဝင်ကြည့်ကြတယ်။ Facebook မှာလည်း သူရဲ့ ကိုယ်ပိုင်စာမျက်နှာလေး တည်ဆောက်လာတယ်။